# Highlights from DVB Debate’s Nationalism Show

## “What’s the impact of new Nationalism?”

## 12/6/2014

“ဖက်ဆစ်တော်လှန်ရေး ၊ ၈လေးလုံးလူထုလှုပ်ရှားမှုတွေမှာ တနိုင်ငံလုံးဟာ အမျိုးသားနိုင်ငံရေးလုပ်ခဲ့တာ။ အဲဒါကို တချို့က သူတို့လုပ်နေတဲ့ ပါဂါနိုင်ငံရေးကို ဖုံးကွယ်ချင်တာနဲ့ ငါတို့က အမျိုးသားနိုင်ငံရေးလုပ်နေတာဆိုပြီး အမျိုးသားရေးကိုအသုံးချနေတာ။”

တော်ဂင် ဦးခင်မောင်သန်း - တရားလွှတ်တော်ရှေ့နေ

“ကျနော်တို့နိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနဲ့ သမိုင်းဖြတ်သန်းမှုပေါင်းစုံရှိခဲ့တာ။ လူကြီးကြီးဂါဒ၊ ဘာသာကြီးဂါဒတခုထဲနဲ့ အမျိုးသားရေးကို အသက်သွင်းလိုက်ရင် တိုင်းပြည် အဆိုးဖက်ရောက်သွားနိုင်တယ်။”

ဦးမောင်ခိုင် - အမျိုးသားနိုင်ငံရေးကျောင်းသားလူငယ်အဖွဲ့

----------------------------------------

“စစ်တပ်တွေမှာ ခွာစစ်ဆိုတာရှိတယ်။ ကျနော့်အမြင်ပြောရရင် စစ်တပ်ကခွာစစ်လုပ်ဖို့.သူတို့ လုံခြုံမှုရှိရှိနဲ့ ဆုတ်ခွာသွားနိုင်ဖို့အတွက် ကျနော်တို့ပြည်သူတွေကို အသုံးချပြီး ပြဿနာတွေ တခုပြီး တခု ချပေးနေမှာပဲ။ ဒါတွေကို ပြည်သူတွေသတိရှိရှိနဲ့ သတိထားဖို့လိုတယ်။”

ဆည်းဆာညီညီ - လူထုရပိုင်ခွင့်ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့

----------------------------------

“ဘာသာပေါင်းစုံပါတဲ့ လှုပ်ရှားမှုတိုင်းဟာ အမျိုးသားရေးပဲ။လူမျိုးရေးအခြေခံတဲ့ အမျိုးသားရေးရှိနေသမျှ ပြဿနာတွေရှိနေမယ်။ နိုင်ငံသားအခြေခံတဲ့ အမျိုးသားရေးဂါဒဖြစ်အောင်လုပ်ရမှာဗျ။”

ဦးတင်အေးကြူ - သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်

---

"လူထုရဲ့ ပညာရေးအသိဉာဏ်တွေဟာ နှစ်ပေါင်းများစွာ ဖျက်ဆီးခံခဲ့ရတယ်။ အခုလည်း ပြဿနာပေါင်းစုံကို အမျိုးသားရေးလက်နက်နဲ့အသုံးချပြီးတော့ ပဋိပက္ခဖြစ်အောင်လုပ်လာနေတာတွေ ရှိတယ်။"

ဒေါ်တင်မာရီ - တမာရိပ်အမျိုးသမီးအဖွဲ့(မွန္တလေး)